ဒေါ်ခင်ကြည် – ဖောင်ဒေးရှင်း
အမှတ် (၅၄/၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

၁၅ရက် ဒီဇင်ဘာလ ၂၀၁၇ခုနှစ်

ဒေါ်အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

**အကြောင်းအရာ -၂၀၁၇ခုနှစ် နိုဝင်ဘာလအတွက် ရွေ့လျားစာကြည့်တိုက် တိုးတက်မှု အစီရင်ခံစာ**

၂၀၁၇ခုနှစ် နိုဝင်ဘာလအတွက် **ကော့မှုး၊ နေပြည်တော်၊ ကလော ၊နတ်မောက်၊ မြောင်းမြ၊ အင်းစိန်၊ မွန္တလေးနှင့် မြစ်ကြီးနား** တို့တွင် ကျွန်ုပ်တို့၏ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု တိုးတက်မှုအစီရင်ခံစာကို တင်ပြရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းမြောက်ပါသည်။

## I. ကော့မှုးရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

### I.A အသင်းဝင်

နိုဝင်ဘာလကုန်အထိအသင်းဝင် (၁၈,၆၃၁) ဦးဖြစ်ပါသည်။
အသင်းဝင်နှုန်းထားသည် ၂၀၁၇ခုနှစ် အောက်တိုဘာလမှ နှုန်းထားနှင့်အတူတူဖြစ်သည်။

### I.B စာအုပ်ငှားရမ်းမှု

လက်ရှိတွင် ကော့မှုး၌ စာအုပ်စုစုပေါင်း (၂၅,၉၂၁)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။ ၂၀၁၇ နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ(၅,၂၈၆) ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့်ကော့မှုးတွင် ၂၀၁၇ အောက်တိုဘာလနှင့် နှိုင်းစာပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၉.၈)% တိုးတက်မှုရှိပါသည်။

ကော့မှူးတွင် လုပ်ငန်းစတင်လည်ပတ်သော ၂၀၁၃ခုနှစ် ဇူလိုင်လမှ ၂၀၁၇ခုနှစ် နိုဝင်ဘာလအထိ (၄နှစ်ကျော်အတွင်း) စာအုပ်ငှားရမ်းမှု စုစုပေါင်း(၃၈၀,၉၀၇)ကြိမ်အထိ ရှိခဲ့ပါသည်။
တစ်လလျှင် စာအုပ်ငှားရမ်းလည်ပတ်မှု ပျမ်းမျှအရေအတွက်မှာ(၇,၃၂၅.၁၃)ကြိမ်ဖြစ်ပြီး ပျမ်းမျှခြင်းအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၅)ကြိမ်ခန့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အောက်ပါဇယားသည် ကော့မှူးရွေ့လျားစာကြည့်တိုက်၏ လောလောဆယ်လှည့်လည်ရောက်ရှိနေသည့် ကျေးရွာအရေအတွက်ဖြစ်ပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကော့မှူး | |
|---|---|
| MBL - ဘတ်စ် ၁ | ၂၀ ရွာ |
| MBL -ဘတ်စ် ၂ | ၁၄ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၆ရွာ |
| ကျေးရွာစုစုပေါင်း | ၅၀ ရွာ |

## II. နေပြည်တော်ရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

### II.A အသင်းဝင်

နေပြည်တော်တွင်၂၀၁၇ခုနှစ် နိုဝင်ဘာလကုန်အထိ (၁၃,၉၇၀) ဦးအသင်းဝင်ရှိပါသည်။
အသင်းဝင်နှုန်းထားသည် ၂၀၁၇ခုနှစ် အောက်တိုဘာလမှ နှုန်းထားနှင့် အတူတူဖြစ်သည်။

### II.B စာအုပ်ငှားရမ်းမှု

နေပြည်တော်ရုံးတွင် စာအုပ်(၂၁,၀၈၆)အုပ်ကို ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ နိုဝင်ဘာလအတွက် စာအုပ်ငှားရမ်းမှုအကြိမ်မှာ (၃,၇၉၈)ကြိမ်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၇ခုနှစ် ဇူလိုင်လနှင့်စာပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၀)% တိုးတက်မှုရှိပါသည်။

နေပြည်တော်လုပ်ငန်း စတင်လည်ပတ်သည်မှ ၄၅ လအတွင်း စာအုပ်ငှားရမ်းမှုအကြိမ် စုစုပေါင်း(၃၁၉,၄၇၁) ရှိပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ ငှားရမ်းမှုအရေအတွက်မှာ (၇,၀၉၉.၃၆)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁၅ ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

နေပြည်တော်ရွေ့လျားစာကြည့်တိုက်မှ ယခုလက်ရှိ ဝန်ဆောင်မှုပေးလျှက်ရှိသည့် ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နေပြည်တော် | |
|---|---|
| နေပြည်တော် | ၂၅ရွာ |
| ပျဉ်းမနား | ၂၀ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၅ရွာ |
| ကျေးရွာစုစုပေါင်း | ၆၀ရွာ |

### III. ကလောရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

စာအုပ်(၁၃,၄၆၂)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စာကြည့်တိုက်များ၊ ရပ်ရွာထဲရှိ အများပြည်သူစုဝေးရာနေရာများ၊ ဘုန်းကြီးကျောင်းများ၊ ဘက်များနှင့် ရုံးများအပါအဝင် နေရာ ၅၀ သို့ လှည့်လည်ရောက်ရှိနေပါသည်။ ရွေ့လျားစာကြည့်တိုက် ဘတ်စ်ကားများသည် ညောင်ရွှေ၊ ပင်းတယနှင့် ရွာငံမြို့နယ်များသို့လည်း ရောက်ရှိဝန်ဆောင်မှု ပေးလျှက်ရှိပါသည်။

**III.A အသင်းဝင်**

ကလောတွင်၂၀၁၇ခုနှစ် နိုဝင်ဘာလကုန်အထိ (၁၂,၉၀၄) ဦး အသင်းဝင်ရှိပါသည်။

**III.B စာအုပ်ငှားရမ်းမှု**

နိုဝင်ဘာလအတွက် စာအုပ်ငှားရမ်းမှုမှာ (၅,၀၇၂)ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့်၂၀၁၇ အောက်တိုဘာလနှင့် စာပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၃၈)% တိုးလာပါသည်။

၂၀၁၅ ဖေဖော်ဝါရီလ မှ ၂၀၁၇ နိုဝင်ဘာလအထိ (၃၄လအတွင်း) စုစုပေါင်းစာအုပ် (၁၃၇,၀၃၅)ကို ငှားရမ်းခဲ့ရပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှစာအုပ်ငှားရမ်းမှုကြိမ်ရေမှာ (၄,၀၃၀.၄၄)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁၀.၁၇ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

ကလောမှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကလော | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၈ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၈ရွာ |
| ရွာစုစုပေါင်း | ၅၀ ရွာ |

## IV. နတ်မောက်ရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

၂၀၁၇ နှိုဝင်ဘာလတွင် နတ်မောက်၌ လုပ်ငန်းလည်ပတ်မှုကောင်းမွန်နေပါသည်။ လက်ရှိတွင် နတ်မောက်၌ စာအုပ်စုစုပေါင်း (၁၂,၅၀၁)ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### IV.A အသင်းဝင်

နတ်မောက်တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလကုန်အထိ (၁၀,၀၁၉) ဦး အသင်းဝင်ရှိပါသည်။ အသင်းဝင်နှုန်းထားသည် ၂၀၁၇ခုနှစ် အောက်တိုဘာလမှ နှုန်းထားနှင့် အတူတူဖြစ်ပါသည်။

### IV.B စာအုပ်ငှားရမ်းမှု

နတ်မောက် - ၃၅၁၁ ကြိမ်

၂၀၁၇ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ(၂၅)% တိုးလာပါသည်။ ၂၀၁၅ခုနှစ် နိုဝင်ဘာလ လုပ်ငန်းစတင်ချိန်မှစကာ (၂၈လအတွင်း) စုစုပေါင်းစာအုပ် (၈၈,၄၃၃)ကို ပြည်သူလူထုက ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုအကြိမ်ရေမှာ(၃,၁၅၈.၃၂)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၈.၉ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

နတ်မောက်မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နတ်မောက် | |
|---|---|
| MBL - ဘတ်စ် | ၂၆ရွာ |

| | |
|---|---|
| **ထပ်ဆင့်ငှားဌာနခွဲ** | ၅ရွာ |
| **ကျေးရွာစုစုပေါင်း** | ၃၁ ရွာ |

## V.မြောင်းမြ ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

၂၀၁၇ နိုဝင်ဘာလတွင် မြောင်းမြ၌ လုပ်ငန်းလည်ပတ်မှု ကောင်းမွန်နေပါသည်။ လက်ရှိတွင် မြောင်းမြ၌ စုစုပေါင်းစာအုပ် ၈,၅၃၁အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### V.A အသင်းဝင်

မြောင်းမြတွင် -၂၀၁၇ခုနှစ် နိုဝင်ဘာလကုန်အထိ (၅,၀၅၆) ဦး အသင်းဝင်ရှိပါသည်။
ကျွန်ုပ်တို့သည် မြောင်းမြတွင် ရပ်ရွာ၏ ထောက်ပံ့ကူညီမှု အပြည့်အဝရရှိပါသည်။

### V.B စာအုပ်ငှားရမ်းမှု

မြောင်းမြ - (၄,၆၄၆)ကြိမ်

၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့်နှိုင်းစာပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၀)% တိုးတက်မှုရှိပါသည်။ လုပ်ငန်းစတင်သော ဖေဖော်ဝါရီ ၂၀၁၆မှစပြီး (၂၂-လအတွင်း) စုစုပေါင်းစာအုပ်(၇၆,၁၅၅)ကို လူထုက ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ(၃,၄၆၁.၅၉)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၈.၉၂ ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

မြောင်းမြမှလက်ရှိ စာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ* MBL - မြောင်းမြ | |
|---|---|
| **MBL - ဘတ်စ်** | ၂၁ရွာ |
| **ထပ်ဆင့်ငှားဌာနခွဲ** | ၁၀ရွာ |
| **ကျေးရွာစုစုပေါင်း** | ၃၁ရွာ |

## VI. အင်းစိန် ရွှေလျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင်အင်းစိန်၌ စာအုပ်(၁၃,၅၅၄)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျက်ရှိပါသည်။

### VI.A အသင်းဝင်

အင်းစိန် - (၁၈,၇၇၀)ဦး

၂၀၁၇ စက်တင်ဘာလနှင့် စာလျှင် နိုဝင်ဘာလအတွင်း အဖွဲ့ဝင်(၅.၂)% တိုးလာပါသည်။

### VI.B စာအုပ်ငှားရမ်းမှု

အင်းစိန် - (၆,၀၇၂) ကြိမ်

၂၀၁၇ခုနှစ် စက်တင်ဘာလနှင့်နှိုင်းစာပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၈)% တိုးလာပါသည်။ လုပ်ငန်းစတင်သော ဩဂုတ်လ၂၀၁၆မှ စပြီး (၁၆ လအတွင်း) စုစုပေါင်းစာအုပ် (၆၆,၉၁၉)ကို လူထုကငှားရမ်းခဲ့ပါသည်။

ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ(၄၁၈၂.၄၄)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၄.၉၃ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အင်းစိန် မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - အင်းစိန် | |
|---|---|
| MBL - ဘတ်စ် | ၃၃နေရာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅နေရာ |
| ကျေးရွာစုစုပေါင်း | ၃၈နေရာ |

## VII.မန္တလေး ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင်မန္တလေး၌ စာအုပ်(၅,၁၀၈)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### VII.A အသင်းဝင်

ရွှေ့လျားစာကြည့်တိုက် မန္တလေး တွင် -၂၀၁၇ခုနှစ် နိုဝင်ဘာလကုန်အထိ အသင်းဝင် (၂,၅၀၆) ဦး ရှိပါသည်။

### VII.B စာအုပ်ငှားရမ်းမှု

နိုဝင်ဘာလအတွက် စာအုပ်ငှားရမ်းမှုမှာ (၂,၉၂၁)ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့်၂၀၁၇ခုနှစ် အောက်တိုဘာလနှင့် စာပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၄၅)% တိုးလာပါသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလ မှ ၂၀၁၇ နိုဝင်ဘာလအထိ (၃လအတွင်း) စုစုပေါင်းစာအုပ် (၇,၁၅၉)ကို ငှားရမ်းခဲ့ရပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှစာအုပ်ငှားရမ်းမှု အကြိမ်ရေမှာ (၂,၃၈၆.၃၃)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁.၄ ကြိမ် ဌားရမ်းလည်ပတ်မှုရှိပါသည်။

ရွှေ့လျားစာကြည့်တိုက် မန္တလေးတွင် လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - Mandalay | |
|---|---|
| MBL - ဘတ်စ် ၁ | ၂၀ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | |
| ရွာစုစုပေါင်း | ၂၀ ရွာ |

## VIII.မြစ်ကြီးနား ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

မြစ်ကြီးနား ရွှေ့လျားစာကြည့်တိုက် ဝန်ဆောင်မှု လုပ်ငန်းများကို ၂၁-၉-၂၀၁၇ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ပညာရေးကောလိပ်၊ အကျဉ်းထောင် အစရှိသည့် နေရာများသို့ လှည့်လည် ဝန်ဆောင်မှုပေးလျှက်ရှိပြီး စာအုပ်စုစုပေါင်း (၅,၈၄၁)အုပ်ဖြင့် ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### VIII.A အသင်းဝင်

ရွှေ့လျားစာကြည့်တိုက် မြစ်ကြီးနား တွင် -၂၀၁၇ခုနှစ် နိုဝင်ဘာလကုန်အထိ အသင်းဝင် (၂,၉၅၇) ဦး ရှိပါသည်။

### VIII.B စာအုပ်ငှားရမ်းမှု

နိုဝင်ဘာလအတွက် စာအုပ်ငှားရမ်းမှုမှာ (၅,၉၈၄)ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့်၂၀၁၇ အောက်တိုဘာလနှင့် နှိုင်းစာပါက နိုဝင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ(၂၆)% တိုးလာပါသည်။

၂၀၁၇ စက်တင်ဘာလ မှ ၂၀၁၇ နိုဝင်ဘာလအထိ (၃လအတွင်း) စုစုပေါင်းစာအုပ် (၁၁,၇၉၉)ကို ငှားရမ်းခဲ့ရပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှစာအုပ်ငှားရမ်းမှု ကြိမ်ရေမှာ(၃,၉၃၃.၀၀)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၂ ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

| *လက်ရှိကျေးရွာများ*MBL - Myitkyina | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၅ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၃ ရွာ |
| ရွာစုစုပေါင်း | ၂၈ ရွာ |

၂၀၁၆ခုနှစ် အောက်တိုဘာလမှစပြီး လက်ရှိအဖွဲ့ဝင်ဦးရေ၊ ငှားရမ်းလည်ပတ်မှုနှုန်းထားတို့ကိုပြသည့် အောက်ပါဇယားကွက်များကိုကျေးဇူးပြုပြီးကြည့်ပါ။


MBL: Monthly Total Membership Status at Various Centres for Past One Year
20,000
18,000
16,000
14,000
12,000
10,000
8,000
6,000
4,000
2,000
-
Nov' 16
Dec' 16
Jan' 17
Feb' 17
Mar' 17
April' 17
May' 17
June' 17
July' 17
Aug' 17
Sep' 17
Oct' 17
Nov' 17
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
Mandalay
Myitkyina


MBL: Monthy Total Circulation Status at Various Centres for Past One Year
400,000
350,000
300,000
250,000
200,000
150,000
100,000
50,000
-
Nov' 16
Dec' 16
Jan' 17
Feb' 17
Mar' 17
April' 17
May' 17
June' 17
July' 17
Aug' 17
Sep' 17
Oct' 17
Nov' 17
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
Mandalay
Myitkyina


Accumulated Circulation Status at Various Centre
400,000
350,000
300,000
250,000
200,000
150,000
100,000
50,000
-
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
Mandalay
Myitkyina


Average Monthly Circulation Status
8,000.00
7,000.00
6,000.00
5,000.00
4,000.00
3,000.00
2,000.00
1,000.00
-
7,325.13
7,099.36
4,030.44
3,158.32
3,461.59
4,182.44
2,386.33
3,933.00
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
Mandalay
Myitkyina

## IX. အခြားလုပ်ငန်းများ

### IX.A .ကွန်ပျူတာသင်တန်းများ

အောက်ပါဇယားသည် အခြေခံအိုင်စီတီသင်တန်းကိုလက်ရှိတက်ရောက်နေသည့် သင်တန်းသားအရေအတွက်နှင့် သင်တန်းပြီးသွားသောသင်တန်းသားအရေအတွက်တို့ကို ဖော်ပြပါသည်။

**ရွှေ့လျားစာကြည့်တိုက်များရှိကွန်ပျူတာသင်တန်းများ**

| စဉ် | စာကြည့်တိုက်အမည် | လက်ရှိအမှတ်စဉ် | စာရင်းသွင်းသင်တန်းသား | ပြီးခဲ့သောသင်တန်းအမှတ်စဉ်များ | တက်ရောက်သင်တန်းသား | သင်တန်းပြီးမြောက်သူ အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကော့မှူး | အမှတ်စဉ်-၂၂ | ၁၂၇၇ | အမှတ်စဉ်-၂၁ | ၁၂၇၇ | ၈၈၆ | အမှတ်စဉ်-၂၂ တက်ရောက်ဆဲ |
| ၂ | နေပြည်တော် | အမှတ်စဉ်-၄ | ၈၇ | အမှတ်စဉ်-၃ | ၈၇ | ၅၄ | |
| ၃ | ကလော | အမှတ်စဉ်-၈ | ၂၄၁ | အမှတ်စဉ်-၈ | ၂၄၁ | ၁၉၆ | အမှတ်စဉ်-၉ ကိုဒီဇင်ဘာလ အတွင်းဖွင့်လှစ်သွားပါမည်။ |
| ၄ | နတ်မောက် (Central) | အမှတ်စဉ်-၁၁ | ၂၀၄ | အမှတ်စဉ်-၉ | ၂၀၄ | ၁၉၃ | |
| | နတ်မောက် (Myothit) | အမှတ်စဉ်-၇ | ၁၄၀ | အမှတ်စဉ်-၆ | ၁၄၀ | ၁၃၂ | အမှတ်စဉ်-၈ ကိုနိုဝင်ဘာလ အတွင်းဖွင့်လှစ်သွားပါမည်။ |
| ၅ | မြောင်းမြ | အမှတ်စဉ်-၈ | ၂၄၃ | အမှတ်စဉ်-၇ | ၂၄၃ | ၂၁၈ | အမှတ်စဉ်-၈ တက်ရောက်ဆဲ |
| ၆ | အင်းစိန် | အမှတ်စဉ်-၅ | ၁၃၂ | အမှတ်စဉ်-၄ | ၁၃၂ | ၇၉ | အမှတ်စဉ်-၅ တက်ရောက်ဆဲ |
| ၇။ | မြစ်ကြီးနား | အမှတ်စဉ်-၃ | ၆၀ | အမှတ်စဉ်-၁ | ၆၀ | ၂၀ | အမှတ်စဉ်-၂ နှင့် ၃ တက်ရောက်ဆဲ |
| ၈။ | မန္တလေး | အမှတ်စဉ်-၁ | ၂၀ | အမှတ်စဉ်-၁ | ၂၀ | - | အမှတ်စဉ်-၁ တက်ရောက်ဆဲ |

## IX.B. ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အသစ်ပြင်ဆင်ပြီးဖြစ်၍ လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သော အင်းစိန်၊ မြောင်းမြ၊ နတ်မောက်၊ နေပြည်တော်၊ မြစ်ကြီးနားနှင့် မန္တလေး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများတွင် ကလေးများအတွက် ပန်းချီနှင့်ဆေးရောင်ချယ်ပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲများ ကျင်းပခြင်း၊ စာစီစာကုံး ပြိုင်ပွဲများကျင်းပခြင်းနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ဟောပြောပွဲ အပါအဝင် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများကိုလည်း ကျင်းပလျှက်ရှိပါသည်။

သင်တန်းများဖွင့်လှစ်ပေးခြင်း အနေဖြင့် အင်္ဂလိပ် (Grammar) နှင့် စကားပြောသင်တန်း၊ ဂျပန်စကားပြောသင်တန်း၊ အခြေခံ စာပေရေးသားနည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျှက်ရှိပါသည်။

"အခြေခံ အိုင်တီနှင့် ကွန်ပျူတာသင်တန်းများကို ရွှေ့လျားစာကြည့်တိုက်များ အားလုံးတွင် အခမဲ့သင်ကြားပေးလျှက် ရှိရာ စာကြည့်တိုက်လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများကလည်း စေတနာ့ဝန်ထမ်းအဖြစ် တစ်ပတ်လျှင်တစ်ရက် ရွှေ့လျားစာကြည့်တိုက်နှင့် လူထုအခြေပြုလုပ်ငန်းများ၊ အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများတွင် ကူညီဆောင်ရွက်လျှက်ရှိပါသည်။

## IX.C. လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွှေ့လျားစာကြည့်တိုက်များထပ်မံတိုးချဲ့နိုင်ရန်ဆောင်ရွက်ခြင်း

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်စီမံကိန်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၊ မကွေးတိုင်း နတ်မောက်မြို့နယ်၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ပြန်/ဆက်ဦးစီးဌာနနှင့်ပူးပေါင်းကာ လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွှေ့လျားစာကြည့်တိုက်များ အဖြစ်အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

အခြားပြည်နယ်များနှင့်တိုင်းများတွင် လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွှေ့လျားစာကြည့်တိုက်များ ထပ်မံတိုးချဲ့နိုင်ရန် ဆောင်ရွက်လျှက်ရှိရာ ကရင်ပြည်နယ် ဖားအံမြို့နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့တို့တွင် ဆက်လက် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

နိဂုံးချုပ်ရပါက ရွှေ့လျားစာကြည့်တိုက်စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်ရာနေရာ အားလုံးရှိ ယင်း၏အမျိုးမျိုးသော ပြုဖွယ်ဆောင်တာများကို ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေပါသည်။

လေးစားစွာဖြင့်



ဒေါက်တာသန့်သော်ကောင်း
အမှုဆောင်ကော်မတီအဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း